# အင်တာဗျူးဆိုင်ရာ အခြေခံမှုများ

# အင်တာဗျူးမစတင်မီ

- တချို့သော ခေါင်းစဉ်များကို နောက်ထပ်တင်ပြမည့် ကျင့်ဝတ် နှင့် လုံခြုံရေးဆိုင်ရာ presentation တွင် ခြုံငုံဖော်ပြပါလိမ့်မည်။

- အင်တာဗျူးအတွက် သေချာစွာပြင်ဆင်ထားပါ။ (သို့မဟုတ်) သင် မေးမြန်းရန် ဆန္ဒရှိသည့် မေးခွန်းများ၏ စာရင်းကိုပြုစုထားပါ။

- သတင်းအချက်အလက်များကို မှတ်တမ်းတင်ရန် သင့်တွင် ပစ္စည်းကိရိယာ (မှတ်စုစာအုပ် (notebook)၊ လက်ဆွဲကွန်ပျူတာ (laptop) (သို့မဟုတ်) အသံဖမ်းစက် (recording device)) များ စုံလင်စွာ ရှိနေရန် သေချာစွာ ဆောင်ရွက်ထားပါ။

- ပထမဦးစွာ နောက်ခံ အကြောင်းအရင်းများကို သုတေသနပြုလုပ် ထားပါ။ ဖြန့်ချီထားပြီး အစီရင်ခံစာများနှင့် အကျုံးဝင်နိုင်သည့် ဥပဒေများကို ဖတ်ထားပါ။ သင် သုတေသန ပြုလုပ်နေသည့် ခေါင်းစဉ် (သို့မဟုတ်) နယ်ပယ်များကို ခြုံငုံ၍ ဖော်ပြထားသော မြန်မာနိုင်ငံအကြောင်း အထူးကျွမ်းကျင်သူများ ရေးထားသည့် အစီရင်ခံစားများကို လည်းဖတ်ပါ။

# အင်တာဗျူး အခင်းအကျဉ်းကို သတ်မှတ်ခြင်း

- တချို့သော ခေါင်းစဉ်များကို နောက်ထပ်တင်ပြမည့် ကျင့်ဝတ် နှင့် လုံခြုံရေးဆိုင်ရာ presentation တွင် ခြုံငုံဖော်ပြပါလိမ့်မည်။

- အင်တာဗျူးအတွက် သေချာစွာပြင်ဆင်ထားပါ။ (သို့မဟုတ်) သင် မေးမြန်းရန် ဆန္ဒရှိသည့် မေးခွန်းများ၏ စာရင်းကိုပြုစုထားပါ။

- သတင်းအချက်အလက်များကို မှတ်တမ်းတင်ရန် သင့်တွင် ပစ္စည်းကိရိယာ (မှတ်စုစာအုပ် (notebook)၊ လက်ဆွဲကွန်ပျူတာ (laptop) (သို့မဟုတ်) အသံဖမ်းစက် (recording device)) များ စုံလင်စွာ ရှိနေရန် သေချာစွာ ဆောင်ရွက်ထားပါ။

- ပထမဦးစွာ နောက်ခံ အကြောင်းအရင်းများကို သုတေသနပြုလုပ် ထားပါ။ ဖြန့်ချီထားပြီး အစီရင်ခံစာများနှင့် အကျုံးဝင်နိုင်သည့် ဥပဒေများကို ဖတ်ထားပါ။ သင် သုတေသန ပြုလုပ်နေသည့် ခေါင်းစဉ် (သို့မဟုတ်) နယ်ပယ်များကို ခြုံငုံ၍ ဖော်ပြထားသော မြန်မာနိုင်ငံအကြောင်း အထူးကျွမ်းကျင်သူများ ရေးထားသည့် အစီရင်ခံစားများကို လည်းဖတ်ပါ။

# ဘယ်သူ(who)၊ ဘာလဲ(what)၊ ဘယ်နေရာ(where)၊ ဘယ်အချိန် (when)၊ ဘယ်လို(how)၊ ဘာကြောင့် (why)

- လူအများကို အင်တာဗျူးသည့်အခါ အောက်ဖော်ပြပါ မေးခွန်းများကို အာရုံစိုက်ရမည်။
- ဘာ ဖြစ်ပျက်ခဲ့သလဲ။ ဖြစ်ပျက်ခဲ့သည့်အခြေအနေ၏ အသေးစိတ်အချက်အလက်ကို တတ်နိုင်သမျှ စုဆောင်းပါ။
- ဘယ်သူက ဘယ်သူ့အား ဘာလုပ်ခဲ့သနည်း။
- ၎င်းသည် ဘယ်နေရာမှာ ဖြစ်ပျက်ခဲ့သနည်း။ သတင်းအချက်အလက် အသေးစိတ်ကို ရယူပါ။ -ရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/ဒေသ
- • ဘယ်အချိန်တွင် ဖြစ်ပျက်ခဲ့သနည်း။ ဖြစ်နိုင်လျှင်-တိကျမှန်ကန်သော ရက်စွဲ( ဇူလိုင် ၄ ရက် ၂၀၁၄)။ သင် သည် ရက်စွဲနှင့် အချိန်ကို ရရှိရန်အရေးကြီးသည်။ ၎င်းကို တခါတရံ မှတ်မိရန်တော့ ခက်ခဲသည်။ ဥပမာ-" ယမန်နှစ် ခြောက်သွေ့ရာသီ အစောပိုင်း" ဆိုသည့်ပုံစံမျိုး ဖြေကြားလျှင်လည်း အဆင်ပြေသည်။
- ဘယ်လို ဖြစ်ပျက်ခဲ့တာလဲ။ ဘယ်လို ယေဘုယျ (general) အခြေအနေများ ဖြစ်ပျက်ခဲ့ပါသလဲ။ မျက်မြင်သက်သေများ ရှိခဲ့ပါသလား။
- ဘာကြောင့် ဟူသော မေးခွန်းသည် ဖြေဆိုရန် ခက်ခဲတတ်ပြီး သင်၏ မေးခွန်းကို စာကြောင်းအပြည့်ဖြင့် မေးမြန်းနိုင်သည်။ နမူနာ- " အာဏာပိုင်များမှ သင်၏ မြေကို ဘာကြောင့် သိမ်းပိုက်ခဲ့သည်ဟု သင်ထင်ပါသနည်း။"

# မေးခွန်းများ မေးမြန်းခြင်း

- အင်တာဗျူး ဖြေဆိုသူအား မေးခွန်းများ မေးမြန်းသည့်အခါ ဘယ်သူ(who)၊ ဘာလဲ(what)၊ ဘယ်နေရာ(where)၊ ဘယ်အချိန် (when)၊ ဘယ်လို(how)၊ ဘာကြောင့် (why) ဆိုသည့် မေးခွန်းများကို သတိရပါ။

- အဆုံး၌ ဖွင့်ထားသော မေးခွန်းမျိုး မေးပါ။ "သင်၏ မြေများ ဆုံးရှုံးခဲ့ပါသလား။" ဟူသော မေးခွန်းမျိုးသည် ဆုံးရှုံးခဲ့ပါသည် (သို့မဟုတ်) မဆုံးရှုံးခဲ့ပါ ဆိုသည့် အဖြေမျိုးလောက်သာ ရရှိနိုင်ပြီး သင့်အတွက် သတင်းအချက်အလက် အမြောက်အများကို ရရှိနိုင်မည် မဟုတ်ပေ။

- "သင်၏မြေ မည်ကဲ့သို့ ဆုံးရှုံးခဲ့ပါသနည်း။" ဆိုသည့် မေးခွန်းမျိုးကို မေးလျှင် ပို၍ ကောင်း ပါလိမ့်မည်။

- လေးလံ၍ ဖြေရခက်ခဲသည့် မေးခွန်းများ" မေးမြန်းခြင်းကို ရှောင်ပါ။ ဥပမာ-နိုင်ငံရေး အကျဉ်းသားဟောင်း တစ်ယောက်ကို အင်တာဗျူးသောအခါ " ညှင်းပန်းနှိပ်စက်ခံခဲ့ရပါသလား။" ဆိုသည့် မေးခွန်းမျိုးကို မမေးရ။ ၎င်းတို့အား အဖြေကို ဘယ်လို ဖြေသင့်သည်ဟု အကြံမပေးပါနှင့်။ ကြားနေ(neutral)မေးခွန်းမျိုးကိုသာ မေးမြန်းပါ။

- ထောင်ထဲ အခြေအနေ ဘယ်လိုရှိခဲ့သလဲ။ သင့်ကို ဘယ်လို ဆက်ဆံ ခဲ့သလဲ။ သင့် ကျန်းမာရေးအခြေအနေ ဘယ်လိုလဲ။" ဆိုသည့် မေးခွန်းမျိုးကို မေးမြန်းသင့်သည်။

- သတင်းအချက်အလက်များ စုံစုံလင်လင် လိုအပ်လျှင် နောက်ဆက်တွဲ မေးခွန်းများကိုလည်း မေးမြန်းပါ။ အဖြေကို သင် နားမလည်လျှင် နားလည်အောင် ပြန်လည်၍ မေးမြန်းပါ။ ဥပမာ-ဖြစ်ရပ်၏ ကွင်းဆက်ဖြစ်စဉ်များသည် နားလည်ရန် ခက်ခဲနိုင်သည်။